စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊ ဇွန်လ )

ရက်စွဲ ၁၅-၇-၂၀၂၂

## မာတိကာ


| | | |
|---|---|---|
| (က) | နိဒါန်း | ၁ |
| (ခ) | ရည်ရွယ်ချက် | ၂ |
| (ဂ) | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| (ဃ) | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၁) ရက်ထိ ပို့ကုန်တင်ပို့မှုအခြေအနေ | ၄ |
| | ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၄ |
| | ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၈ |
| (င) | ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၈ |
| (စ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက် | ၁၁ |
| (ဆ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက် | ၁၂ |
| (ဇ) | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄ |
| (ဈ) | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၅ |
| (ည) | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၁) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ | ၁၅ |
| | ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆ |
| (ဋ) | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၇ |
| (ဌ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၈ |
| (ဍ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ)သွင်းကုန် တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၉ |
| (ဎ) | သုံးသပ်ချက် | ၂၁ |
| (ဏ) | နိဂုံး | ၂၃ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ ဇွန်လ)

### (က) နိဒါန်း

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (ဇယား-၁၊ ပုံ-၁)

ဇယား (၁) – ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

၂၀၁၂ -၂၀၁၃ မှ ၂၀၂၂ -၂၃ (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ | ၁၀၉၇.၈၁ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | ၉.၉၁ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ | ၁၃၈.၃၁ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ | ၁၀၀.၉၈ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | ၃၆.၇၁ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ | ၂၆၉၉.၃၉ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ | ၁၀၅.၉၅ |
| | စုစုပေါင်း | ၈၉၇၇.၀၃ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၃ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၄ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၁ | ၁၇၆၈၁.၀၉ | ၁၅၃၆၃.၂၈ | ၈၂၇၉.၄၄ | ၄၁၈၉.၀၆ |




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂)ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## (ခ) ရည်ရွယ်ချက်

(၁) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(၂) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။


## (ဂ) ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန် အနေဖြင့် (၂,၉၂၈.၁၀) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂၀) သန်းရှိခဲ့ပါသည်။ (ဇယား-၁)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၂၊ ပုံ-၂)

## ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂ ) ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၂၆% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၂၄% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၃% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၆၄% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၃% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




ပုံ (၂)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)

သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃၃၃၅.၉၀)သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၀၃)သန်း တိုးတက်ရရှိခဲ့သည်။ (ဇယား-၁)

## (ဃ) ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၁) ရက်ထိ ပို့ကုန်တင်ပို့မှုအခြေအနေ

အစီရင်ခံကာလအတွင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၁) ရက်ထိ **ပို့ကုန်တင်ပို့မှု စုစုပေါင်း** အမေရိကန်ဒေါ်လာ (၄၁၈၉.၀၆) သန်းတွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁၀၉၇.၈၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၉.၉၁)သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၁၃၈.၃၁) သန်း၊ သတ္တုတွင်းထွက်ပစ္စည်း ဒေါ်လာ (၁၀၀.၉၈)သန်း၊ သစ်တောထွက်ပစ္စည်း ဒေါ်လာ (၃၆.၇၁)သန်း၊ စက်မှုကုန်ချောပစ္စည်း ဒေါ်လာ (၂၆၉၉.၃၉)သန်း နှင့် အခြားပစ္စည်း ဒေါ်လာ (၁၀၅.၉၅)သန်း ပါဝင်ခဲ့ပါသည်။(ဇယား-၁)

**လယ်ယာကဏ္ဍတင်ပို့မှု**အနေဖြင့် လယ်ယာထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၁၀၉၇.၈၀၉) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၉.၉၁၁) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၁၃၈.၃၁၃) သန်း ခန့်ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (**လယ်ယာ၊ တိရိစ္ဆာန် နှင့် ရေထွက်ပစ္စည်း**) တင်ပို့မှု ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ ဒေါ်လာ(၁၂၄၆.၀၃၃) သန်း ရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍ ပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၂၉)% ခန့်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂)

### ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

**လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု** ဒေါ်လာ (၁၀၉၇.၈၁) သန်းတွင် လယ်ယာကဏ္ဍ အဓိကပို့ကုန် အမယ် (၅) မျိုး အနေဖြင့် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် **ဆန်နှင့် ဆန်ကွဲ** တင်ပို့မှု တန်ချိန် (၆၂၀၂၀၅.၆၅) မှ ဒေါ်လာ (၂၁၁.၇၀၄) သန်း၊ **ပဲအမျိုးမျိုး** တင်ပို့မှု တန်ချိန် (၄၈၉၉၈၅.၂၂၅) မှ ဒေါ်လာ (၃၆၉.၈၁၃) သန်း၊ **ပြောင်း**တင်ပို့မှုတန်ချိန် (၅၉၃၃၈၅.၆၂၄) မှ ဒေါ်လာ (၁၈၅.၀၈၅) သန်း၊ **နှမ်း**တင်ပို့မှု တန်ချိန် (၂၁၉၅၀.၅၅၅) မှ ဒေါ်လာ (၂၇.၈၀၁) သန်း ၊ **ရော်ဘာစိမ်း**တင်ပို့မှု (၆၉၀၂၇.၂၄၆) မှ ဒေါ်လာ (၁၀၆.၇၃) သန်း နှင့် **အခြားအမယ်**တင်ပို့မှုမှ ဒေါ်လာ (၁၉၆.၆၈) သန်း ရရှိထားကြောင်း သိရှိရသည်။ (ဇယား-၃၊ ပုံ-၃)


လယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့မှုတွင် ရာခိုင်နှုန်းအားဖြင့် **ဆန်နှင့်ဆန်ကွဲ** (ဆန်နှင့် ဆန်ကွဲအပါအဝင်) တန်ချိန်ပေါင်း (၁၇%) တန်ဖိုးအနေဖြင့် (၈%)၊ **နှမ်း**အနေဖြင့် တန်ချိန် (၃၉ %) တန်ဖိုး (၄၉%) နှင့် **ရော်ဘာစိမ်း**အနေဖြင့် တန်ချိန် (၀.၄%)၊ တန်ဖိုး (၁၀%) တိုးမြင့်

တင်ပို့ခဲ့ပြီး **ပဲအမျိုးမျိုး**တွင် တန်ချိန် (၂၄%) ၊ တန်ဖိုး (၁၇.၇%) လျော့နည်းတင်ပို့ခဲ့ကြောင်း နှင့် **ပြောင်း**မှာ တန်ချိန် (၁၅%) လျော့နည်းတင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့်(၁၆%) တိုးမြင့်တင်ပို့ခဲ့ကြောင်း ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။ (ဇယား-၃)


ဇယား (၃) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်း အရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ဇူလိုင် ၁ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၂-၂၀၂၃ | ယခင်နှစ် ၂၀၂၁-၂၀၂၂ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၁,၂၄၆.၀၃၃ | ၁,၂၅၁.၀၆၃ | (၅.၀၃) | -၀.၄% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁,၀၉၇.၈၀၉ | ၁,၁၀၂.၆၀၅ | (၄.၇၉၆) | -၀.၄% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၂၁၁.၇၀ | ၁၉၆.၁၇ | ၁၅.၅၃ | ၈% |
| | | တန်ချိန် | ၆၂၀,၂၀၅.၆၅ | ၅၂၇,၈၄၅.၆၉ | ၉၂,၃၅၉.၉၆ | ၁၇% |
| | (က) ဆန် | US$ | ၁၃၂.၉၆ | ၁၁၈.၈၉ | ၁၄.၀၇ | ၁၂% |
| | | တန်ချိန် | ၃၇၂,၁၀၂.၈၀ | ၂၈၇,၃၃၂.၇၁ | ၈၄,၇၇၀.၀၉ | ၃၀% |
| | (ခ) ဆန်ကွဲ | US$ | ၇၈.၇၄ | ၇၇.၂၈၂ | ၁.၄၆ | ၂% |
| | | တန်ချိန် | ၂၄၈,၁၀၂.၈၅ | ၂၄၀,၅၁၂.၉၈ | ၇,၅၈၉.၈၇ | ၃% |
| ၂ | ပဲအမျိုးမျိုး | US$ | ၃၆၉.၈၁ | ၄၄၉.၂၀ | (၇၉.၃၉) | -၁၇.၇% |
| | | တန်ချိန် | ၄၈၉,၉၈၅.၂၃ | ၆၄၀,၇၆၆.၄၁ | (၁၅၀,၇၈၁.၂) | -၂၄% |
| ၃ | ပြောင်း | US$ | ၁၈၅.၀၉ | ၁၅၉.၇၅ | ၂၅.၃၄ | ၁၆% |
| | | တန်ချိန် | ၅၉၃,၃၈၅.၆၂ | ၆၉၆,၈၀၆.၂၆ | (၁၀၃,၄၂၀.၆၄) | -၁၅% |
| ၄ | နှမ်း | US$ | ၂၇.၈၀ | ၁၈.၆၅ | ၉.၁၅ | ၄၉% |
| | | တန်ချိန် | ၂၁,၉၅၀.၅၆ | ၁၅,၈၁၀.၅၀ | ၆,၁၄၀.၀၆ | ၃၉% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၀၆.၇၃ | ၉၇.၄၄ | ၉.၃၀ | ၁၀% |
| | | တန်ချိန် | ၆၉,၀၂၇.၂၅ | ၆၈,၇၂၈.၆၅ | ၂၉၈.၆၀ | ၀.၄% |
| ၆ | အခြားသီးနှံ | US$ | ၁၉၆.၆၈ | ၁၈၁.၄၀ | ၁၅.၂၈ | ၈% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၉.၉၁၁ | ၁.၅၅၂ | ၈.၃၆ | ၅၃၉% |
| ရေထွက်ပစ္စည်း | | US$ | ၁၃၈.၃၁၃ | ၁၄၆.၉၀၆ | (၈.၅၉) | -၆% |




ပုံ (၃)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ပုံ (၄)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် **ပဲတီစိမ်း**မှာ တန်ချိန် (၂၄၈၀၉၈.၂၀၉)၊ တန်ဖိုးဒေါ်လာ (၁၈၉.၇၃၁) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ **မတ်ပဲ**မှာ တန်ချိန် (၉၄၅၁၅.၀၁၃)၊ တန်ဖိုးဒေါ်လာ (၇၇.၃၅၇) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ **ပဲစဉ်းငုံ**မှာ တန်ချိန် (၇၂၀၈.၆၈၅)၊ တန်ဖိုးဒေါ်လာ (၅.၂၇၅) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ **မြေပဲဆံ** တင်ပို့မှုမှာ တန်ချိန် (၅၄၉၁.၆၅၊ တန်ဖိုးဒေါ်လာ (၅.၁၄) သန်းဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၄၊ ပုံ-၅၊ ၆)


ယခင်ဘဏ္ဍာနှစ်ထက် (၁-၄-၂၀၂၂) မှ (၁-၇-၂၀၂၂) တွင် မတ်ပဲတန်ချိန်(၅၆%) နှင့် တန်ဖိုး (၄၈%) ၊ ပဲစဉ်းငုံတန်ချိန် (၈၅%) နှင့် တန်ဖိုး (၈၃%) နှင့် မြေပဲဆံ တန်ချိန် (၆၉%) နှင့် တန်ဖိုး (၇၄%) အသီးသီးလျော့နည်းခဲ့ပြီး ပဲတီစိမ်းတန်ချိန် (၃%) လျော့ကျခဲ့သော်လည်း တန်ဖိုးအားဖြင့် (၂%)တိုးမြင့် တင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြပါအချက် အလက်များအရ သိရှိရသည်။ (ဇယား-၄)

# ဇယား (၄) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် | ကာလတူ (မေ ၁ ရက် မှ ဇူလိုင် ၁ ရက် ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၂-၂၀၂၃) | ယခင်နှစ် (၂၀၂၁-၂၀၂၂) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၁,၅၇၀.၇၃ | ၃၆၉.၈၁ | ၄၄၉.၂၀ | (၇၉.၃၉) | -၁၈% |
| | | တန်ချိန် | ၂,၀၂၉,၂၅၁.၈၈ | ၄၈၉၉၈၅.၂၃ | ၆၄၀၇၆၆.၄၁ | (၁၅၀၇၈၁.၁၈) | -၂၄% |
| ၁ | မတ်ပဲ | US$ | ၅၂၆.၇၁ | ၇၇.၃၆ | ၁၄၈.၇၃ | (၇၁.၃၇) | -၄၈% |
| | | တန်ချိန် | ၆၇၇,၅၂၆.၄၂ | ၉၄၅၁၅.၀၁ | ၂၁၃၉၈၅.၄၈ | (၁၁၉၄၇၀.၄၆) | -၅၆% |
| ၂ | ပဲတီစိမ်း | US$ | ၅၂၅.၄၀ | ၁၈၉.၇၃ | ၁၈၆.၃၇ | ၃.၃၆ | ၂% |
| | | တန်ချိန် | ၆၇၃,၁၁၀.၈၈ | ၂၄၈၀၉၈.၂၁ | ၂၅၆၆၆၃.၈၉ | (၈၅၆၅.၆၈) | -၃% |
| ၃ | ပဲစင်းငုံ | US$ | ၁၄၄.၁၀ | ၅.၂၈ | ၃၁.၇၄ | (၂၆.၄၇) | -၈၃% |
| | | တန်ချိန် | ၂၁၄,၀၉၁.၆၃ | ၇၂၀၈.၆၉ | ၄၉၂၃၈.၈၈ | (၄၂၀၃၀.၁၉) | -၈၅% |
| ၄ | ကုလားပဲ | US$ | ၁၅.၉၈ | ၁၁.၄၄ | ၁၀.၉၃ | ၀.၅၀ | ၅% |
| | | တန်ချိန် | ၂၇,၂၁၂.၇၉ | ၁၆၄၈၈.၈၂ | ၁၈၆၄၉.၂၈ | (၂၁၆၀.၄၇) | -၁၂% |
| ၅ | ပဲလွန်းဖြူ | US$ | ၂၈.၃၄ | ၁၀.၇၀ | ၇.၉၄ | ၂.၇၇ | ၃၅% |
| | | တန်ချိန် | ၄,၉၉၆၂.၅၅ | ၁၆၀၅၉.၉၀ | ၁၁၆၇၁.၂၇ | ၄၃၈၈.၆၃ | ၃၈% |
| ၆ | မြေထောက်ပဲ | US$ | ၃၈.၀၃ | ၂၅.၉၂ | ၁၂.၂၃ | ၁၃.၆၉ | ၁၁၂% |
| | | တန်ချိန် | ၅၃,၈၆၃.၃၅ | ၃၇၀၉၅.၅၇ | ၁၇၀၄၄.၅၃ | ၂၀၀၅၁.၀၄ | ၁၁၈% |
| ၇ | ထောပတ်ပဲ | US$ | ၂၅.၆၈ | ၁၅.၉၁ | ၈.၀၉ | ၇.၈၁ | ၉၇% |
| | | တန်ချိန် | ၄၅,၂၂၅.၅၆ | ၂၀၃၇၉.၂၈ | ၁၄၇၉၁.၇၇ | ၅၅၈၇.၅၁ | ၃၈% |
| ၈ | ပဲယင်း | US$ | ၃၃.၄၂ | ၁၄.၈၈ | ၁၂.၃၆ | ၂.၅၂ | ၂၀% |
| | | တန်ချိန် | ၆၁,၈၉၃.၀၉ | ၂၂၈၈၄.၁၁ | ၂၃၀၁၅.၅၁ | (၁၃၁.၄၀) | -၁% |
| ၉ | ပဲကြီး | US$ | ၁၁.၆၁ | ၄.၀၈ | ၀.၈၇ | ၃.၂၂ | ၃၇၁% |
| | | တန်ချိန် | ၁၉,၄၂၂.၂၁ | ၆၂၈၇.၉၅ | ၁၄၆၂.၀၄ | ၄၈၂၅.၉၁ | ၃၃၀% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁.၈၅ | ၂.၈၁ | ၂.၇၃ | ၀.၀၈ | ၃% |
| | | တန်ချိန် | ၁၈,၅၅၆.၁၃ | ၄၃၂၂.၁၇ | ၄၃၈၇.၄၅ | (၆၅.၂၈) | -၁% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၄.၂၇ | ၃.၅၀ | ၂.၅၈ | ၀.၉၂ | ၃၆% |
| | | တန်ချိန် | ၅,၁၆၉.၅၄ | ၄၇၀၆.၆၇ | ၃၁၉၈.၅၆ | ၁၅၀၈.၁၁ | ၄၇% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၃.၆၅ | ၀.၀၆ | ၂.၀၉ | (၂.၀၃) | -၉၇% |
| | | တန်ချိန် | ၆,၁၇၆.၁၆ | ၆၆.၀၀ | ၃၄၂၃.၀၀ | (၃၃၅၇.၀၀) | -၉၈% |
| ၁၃ | ပဲနီကြား | US$ | ၄.၅၂ | ၁.၇၇ | ၁.၈၈ | (၀.၁၀) | -၅% |
| | | တန်ချိန် | ၉,၉၆၆.၅၀ | ၄၅၁၂.၂၅ | ၄၂၇၀.၀၀ | ၂၄၂.၂၅ | ၆% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၂.၄၂ | ၀.၄၇ | ၀.၇၀ | (၀.၂၃) | -၃၃% |
| | | တန်ချိန် | ၃,၃၄၅.၈၃ | ၆၁၅.၆၀ | ၈၄၁.၇၈ | (၂၂၆.၁၈) | -၂၇% |
| ၁၅ | မြေပဲဆံ | US$ | ၁၈၈.၁၈ | ၅.၁၄ | ၁၉.၆၈ | (၁၄.၅၄) | -၇၄% |
| | | တန်ချိန် | ၁၅,၈၂၄၈.၇၁ | ၅၄၉၁.၆၅ | ၁၇၇၅၆.၄၉ | (၁၂၂၆၄.၈၄) | -၆၉% |
| ၁၆ | အခြားပဲ | US$ | ၆.၅၆ | ၀.၇၆ | ၀.၂၈ | ၀.၄၈ | ၁၇၀% |
| | | တန်ချိန် | ၅,၄၈၀.၅၃ | ၁၂၅၃.၃၅ | ၃၆၆.၄၈ | ၈၈၆.၈၇ | ၂၄၂% |




ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

### ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

ဆီထွက်သီးနှံဖြစ်သော မြေပဲဆံနှင့်နှမ်း တင်ပို့မှုကိုလေ့လာပါက **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၅၄၉၁.၆၅)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၅.၁၄)သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန်(၁၇၇၅၆.၄၉)၊ တန်ဖိုး ဒေါ်လာ (၁၉.၆၈၄)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၁၂၂၆၄.၈၄၂)နှင့် တန်ဖိုး ဒေါ်လာ (၁၄.၅၄၃)သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၄)

**နှမ်း**တင်ပို့မှုမှာ (၁-၄-၂၀၂၂) မှ (၁-၇-၂၀၂၂)ထိ တန်ချိန် (၂၁၉၅၀.၅၅) နှင့် တန်ဖိုး ဒေါ်လာ (၂၇.၈၀၁) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၁၅၈၁၀.၄၉၈)နှင့် တန်ဖိုး ဒေါ်လာ (၁၈.၆၄၇) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၆၁၄၀.၀၅၇) နှင့် တန်ဖိုး ဒေါ်လာ (၉.၁၅၄) သန်း တိုးမြင့်တင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၃)

### (င) ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ ၂၀၂၂ ခုနှစ် ဧပြီလ (၁) ရက် မှ ဇူလိုင်လ (၁) ရက် အထိ ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၄၁၈၉.၀၅၈) သန်းရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၃၆၆၆.၃၁) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၅၂၂.၇၅) သန်း/ (၁၄) % ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၅)


ဇယား (၅) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂)ထိ | | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁-၇-၂၀၂၁)ထိ | | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % |
| ၁ | **လယ်ယာကဏ္ဍပို့ကုန်** | | ၁၂၄၆.၀၃ | ၁၂၄၆.၀၃ | ၃၀% | | ၁၂၅၁.၀၆ | ၁၂၅၁.၀၆ | ၃၄% | | -၅.၀၃ | -၅.၀၃ | -၄% |
| | လယ်ယာထွက်ပစ္စည်း | | ၁၀၉၇.၈၁ | ၁၀၉၇.၈၁ | ၂၆% | | ၁၁၀၂.၆၁ | ၁၁၀၂.၆၁ | ၃၀% | | -၄.၈ | -၄.၈ | -၄% |
| | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၉.၉၁ | ၉.၉၁ | ၀.၂၄% | | ၁.၅၅ | ၁.၅၅ | ၀.၀၄% | | ၈.၃၆ | ၈.၃၆ | ၀.၂% |
| | ရေထွက်ပစ္စည်း | | ၁၃၈.၃၁ | ၁၃၈.၃၁ | ၃% | | ၁၄၆.၉၁ | ၁၄၆.၉၁ | ၄% | | -၈.၅၉ | -၈.၅၉ | -၁% |
| ၂ | **သတ္တုတွင်းထွက်ပစ္စည်း** | ၁.၄၃ | ၉၉.၅၅ | ၁၀၀.၉၈ | ၂% | ၃၆.၇၆ | ၁၇၇.၃၆ | ၂၁၄.၁၂ | ၆% | -၃၅.၃၃ | -၇၇.၈၁ | -၁၁၃.၁၄ | -၃% |
| ၃ | **သစ်တောထွက်ပစ္စည်း** | ၀.၂၇ | ၃၆.၄၅ | ၃၆.၇၁ | ၁% | | ၃၂.၀၂ | ၃၂.၀၂ | ၁% | ၀.၂၇ | ၄.၄၃ | ၄.၆၉ | ၀.၀၀၃% |
| ၄ | **စက်မှုကုန်ချောပစ္စည်း** | ၈၈၄.၉၂ | ၁၈၁၄.၄၆ | ၂၆၉၉.၃၉ | ၆၄% | ၇၃၁.၉၆ | ၁၂၂၆.၆၂ | ၁၉၅၈.၅၈ | ၅၃% | ၁၅၂.၉၆ | ၅၈၇.၈၅ | ၇၄၀.၈၁ | ၁၁% |
| ၅ | **အခြား** | ၃၀.၇၅ | ၇၅.၂ | ၁၀၅.၉၅ | ၃% | ၁၁၈.၈၇ | ၉၁.၆၆ | ၂၁၀.၅၃ | ၆% | -၈၈.၁၂ | -၁၆.၄၆ | -၁၀၄.၅၈ | -၃% |
| | စုစုပေါင်း | ၉၁၇.၃၇ | ၃၂၇၁.၆၉ | ၄၁၈၉.၀၆ | ၁၀၀% | ၈၈၇.၅၉ | ၂၇၇၈.၇၂ | ၃၆၆၆.၃၁ | ၁၀၀% | ၂၉.၇၈ | ၄၉၂.၉၇ | ၅၂၂.၇၅ | ၁၄% |


လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းတွင် **လယ်ယာထွက်ပစ္စည်း** အနေဖြင့် ဒေါ်လာ (၁၀၉၇.၈၁) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၁၀၂.၆၁) သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၄.၇၉၆) သန်းနှင့် **ရေထွက်ပစ္စည်း**တင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၁၃၈.၃၁၃)သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၄၆.၉၀၆)သန်း ဖြစ်၍ ယခင်နှစ် အလားတူကာလ ထက်ဒေါ်လာ (၈.၅၉) သန်း အသီးသီး လျော့နည်းခဲ့သည်။ **တိရစ္ဆာန်ထွက်ပစ္စည်း**တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၉.၉၁၁) သန်း နှင့် ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁.၅၅၂) သန်းဖြစ်၍ ယခုနှစ်တွင် ဒေါ်လာ (၈.၃၅၉) သန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ (ဇယား – ၅၊ ၆၊ ပုံ–၇)

ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၂၆%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၃၀%) ရှိခဲ့သည့် အတွက် ပါဝင်မှု%အနေဖြင့် (၄%) ခန့်လျော့နည်းခဲ့ပြီး၊ ရေထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိ ဘဏ္ဍာနှစ်တွင် (၃%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၄%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့် (၁%) လျော့နည်းခဲ့သည်ကို တွေ့ရသည်။ တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၂၄%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၀၄%) ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့် (၀.၂%) တိုးမြင့်တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ (ဇယား– ၅၊ ပုံ–၈)




ပုံ (၇)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်တန်ဖိုး

လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂) ရက်ထိ ဒေါ်လာ (၁၂၄၆.၀၃) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၁၂၅၁.၀၆) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၅.၀၃) သန်းခန့် လျော့နည်းတင်ပို့ခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၂၉.၇ %) ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၃၄.၁%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၄.၄%) ခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ (ဇယား-၅၊ ပုံ-၈)




၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ၁-၇-၂၀၂၂) ထိ　　　　၂၀၂၁-၂၀၂၂ (၁-၄-၂၀၂၁ မှ ၁-၇-၂၀၂၁) ထိ

ပုံ (၈)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်ပါဝင်မှာ %

## (စ) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက်

ပို့ကုန်တင်ပို့မှုများကို **၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တို့ နှိုင်းယှဉ်ပါက** ပို့ကုန်တင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ၂၀၂၁-၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (ဇယား-၆)

ဇယား(၆)- ကုန်စည်အုပ်စုအလိုက်တင်ပို့မှုနှိုင်းယှဉ်ချက်

ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ |
| **စုစုပေါင်း** | | **၈၉၇၇.၀၃** | **၁၁၂၀၃.၉၆** | **၁၂၅၂၃.၇၃** | **၁၁၁၃၆.၈၈** | **၁၁၉၉၈.၅၄** | **၁၄၈၈၃.၁၆** | **၈၈၆၁.၀၃** | **၁၇၀၆၀.၄၁** | **၁၇၆၈၁.၀၉** | **၁၅၃၆၃.၂၈** | **၈၂၇၉.၄၄** |

၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှုတွင် **လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂၄၀၇.၈၆)သန်း**ပါဝင်ခဲ့ရာ အဆိုပါတင်ပို့မှုတွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇) သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃)သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃)သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၈၉)သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြားလယ်ယာထွက်ကုန်ပစ္စည်း** ဒေါ်လာ (၂၈၃.၀၅)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။(ဇယား-၇၊ ပုံ-၉)

ဇယား (၇) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆–၁၇ (ဧပြီမှ မတ်) | ၂၀၁၇–၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈–၁၉ (အောက် မှ စက်) | ၂၀၁၉–၂၀ (အောက် မှ စက်) | ၂၀၂၀–၂၁ (အောက် မှ စက်) | ၂၀၂၁–၂၂ (Mini Budget) (အောက် မှ မတ်) |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ |
| | **စုစုပေါင်း** | **၂,၉၂၈.၁၀** | **၃,၀၈၇.၁၂** | **၁,၂၇၈.၇၆** | **၃,၂၆၁.၅၉** | **၃,၇၂၅.၇** | **၄,၆၂၄.၁၃** | **၂,၄၀၇.၈၆** |




ပုံ (၉) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဂရပ်

**(ဆ) ၂၀၂၁–၂၂ နှင့် ၂၀၂၀–၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက်**


**၂၀၂၁–၂၂ နှင့် ၂၀၂၀–၂၁ ကာလတူ(အောက်တိုဘာလမှ မတ်လထိ)** ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ပါက ၂၀၂၁–၂၂တွင် စုစုပေါင်း တင်ပို့မှုမှာ (၂,၄၀၇.၈၆)သန်း ရှိခဲ့ပြီး၊ ၂၀၂၀–၂၁ အလားတူ ကာလတွင် (၂,၉၂၈.၁၄)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် (၅၂၀.၂၈)သန်း လျော့နည်း တင်ပို့ခဲ့ကြောင်း တွေ့ရပြီး၊ ပို့ကုန် အမယ် အလိုက်တင်ပို့မှုတွင် ယခင်နှစ်ထက် **ဆန်နှင့်ဆန်ကွဲ**

အမေရိကန်ဒေါ်လာ (၁၅.၈၃) သန်း၊ **ပဲအမျိုး မျိုး**တွင် ဒေါ်လာ (၂၄.၆) သန်း၊ **ပြောင်း**တွင် ဒေါ်လာ (၃၆.၇၄) သန်း၊ **ရာဘာစိမ်း**တွင် ဒေါ်လာ (၉.၄၈) သန်း အသီးသီးတိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး **နှမ်း**တွင် ဒေါ်လာ (၉၀.၂၈) သန်းနှင့် **အခြားသီးနှံများ**တွင် ဒေါ်လာ (၅၁၆.၆၅)သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၈၊ ပုံ-၁၀)

ဇယား (၈) - အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြီးမှ မတ်) | ၂၀၁၇-၁၈ (ပြီးမှ မတ်) | ၂၀၁၈(Mini Budget) (ပြီး မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနားချက် |
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ | ၄၂၈.၄၄ | ၁၅.၈၃ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ | ၈၀၆.၀၃ | ၂၄.၆ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ | ၃၃၁.၄၉ | ၃၆.၇၄ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ | ၂၈၄.၄၇ | -၉၀.၂၈ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ | ၂၇၈.၀၂ | ၉.၄၈ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ | ၇၉၉.၇ | -၅၁၆.၆၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ | ၂,၉၂၈.၁၄ | -၅၂၀.၂၈ |




ပုံ (၁၀) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူ (အောက်တိုဘာမှ မတ်လထိ)နှိုင်းယှဉ်မှု

## (ဇ) ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှု မှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၁၇၅၈၅.၂၅) ၊ တန်ဖိုး ဒေါ်လာ (၂၂.၀၂) သန်း၊ ပုဇွန်မှာ တန်ချိန်(၁၆၄၆.၉)၊ တန်ဖိုး ဒေါ်လာ (၆) သန်း နှင့် အခြားရေထွက် ပစ္စည်း များမှာ တန်ချိန် (၉၁၆၀.၇)၊ တန်ဖိုး ဒေါ်လာ (၂၃.၅၅) သန်း ရရှိခဲ့သည်ကိုသိရှိရပါသည်။ (ဇယား-၉)

ဇယား (၉) - ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | ပုံမှန်ကုန်သွယ်ရေး | ၈၈၃၂.၉၈၉ | ၁၂.၈၃ | ၁၅၄၀.၁၆ | ၅.၅ | ၆၉၈၅.၈၇ | ၁၈.၇ | ၁၇၃၅၉.၀၂ | ၃၇.၀၃ |
| | (က) ပုဂ္ဂလိကကုမ္ပဏီများ | ၈၈၃၂.၉၉ | ၁၂.၈၃ | ၁၅၄၀.၁၆ | ၅.၅ | ၆၉၈၅.၈၇ | ၁၈.၇ | ၁၇၃၅၉.၀၂ | ၃၇.၀၃ |
| ၂ | နယ်စပ်ကုန်သွယ်ရေး | ၈၇၅၂.၂၆ | ၉.၁၉ | ၁၀၆.၇၃ | ၀.၅၀ | ၂၁၇၄.၈၃၅ | ၄.၈၅ | ၁၁၀၃၃.၈၃ | ၁၄.၅၃ |
| | (က) မြဝတီ | ၃၁၂.၇၅ | ၀.၃၈၃ | ၃.၆ | ၀.၀၄ | ၄၀၄.၅၆၉ | ၀.၉၆ | ၇၂၀.၉၄ | ၁.၃၈ |
| | ( ခ ) ကော့သောင်း | ၇၂၂၀.၇၁ | ၇.၂၆ | ၁၀၃.၁၁၄ | ၀.၄၆ | ၇၂၇.၃၄၈ | ၂.၀၅၅ | ၈၀၅၁.၁၇ | ၉.၇၈ |
| | (ဂ ) စစ်တွေ | ၀.၂ | ၀.၀၀၁ | | | | | ၀.၂ | ၀. |
| | (ဃ) မြိတ် | | | | | ၇၃၅.၀၀၀ | ၀.၆၉၄ | ၇၃၅. | ၀.၆၉ |
| | ( င ) မူဆယ် | | | | | ၂၂၁.၇၁၈ | ၁.၀၅၈ | ၂၂၁.၇၂ | ၁.၀၆ |
| | ( စ ) မောင်တော | ၁၂၁၈.၆ | ၁.၅၄ | | | ၈၆.၂၀၀ | ၀.၀၈၃ | ၁၃၀၄.၈ | ၁.၆၂ |
| | (ဆ) တမူး | | | | | | | ၀. | ၀. |
| | ( ဇ ) ချင်းရွှေဟော် | | | | | | | ၀. | ၀. |
| | ( ဈ ) ထီးခီး | | | | | | | ၀. | ၀. |
| | (ည) ရိ(ဒ်) | | | | | | | ၀. | ၀. |
| | (ဋ) မောတော | | | | | | | ၀. | ၀. |
| | (ဌ) ကျိုင်းလတ် | | | | | ၀.၉၇၅ | ၀.၀၀၇ | ၀.၉၈ | ၀.၀၁ |
| | ၂၀၂၂-၂၀၂၃ ဇွန်လအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၁၇၅၈၅.၂၅ | ၂၂.၀၂ | ၁၆၄၆.၉၀ | ၆.၀၀ | ၉၁၆၀.၇၀ | ၂၃.၅၅ | ၂၈၃၉၂.၈၄၆ | ၅၁.၅၇ |
| | ၂၀၂၁-၂၀၂၂ ဇွန်လအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၁၃၉၈၇.၄၈ | ၂၁.၀၅ | ၈၂၇.၈၆ | ၄.၁၈ | ၉၁၈၉.၃၇ | ၂၅.၆၀ | ၂၄၀၀၄.၇၀၃ | ၅၀.၈၃ |
| | ခြားနားချက် | ၃၅၉၇.၇၇ | ၀.၉၇ | ၈၁၉.၀၄ | ၁.၈၂ | -၂၈.၆၇ | -၂.၀၅ | ၄၃၈၈.၁၄ | ၀.၇၄ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၂၈.၆၇)၊ တန်ဖိုး ဒေါ်လာ (၂.၀၅) သန်း လျော့နည်း တင်ပို့ခဲ့ပြီး ငါးတင်ပို့မှုမှ တန်ချိန် (၃၅၉၇.၇၇) နှင့် တန်ဖိုး ဒေါ်လာ (၀.၉၇) သန်း ၊ ပုဇွန်တန်ချိန် (၈၁၉.၀၄) နှင့် တန်ဖိုး ဒေါ်လာ (၁.၈၂) သန်း မြင့်တက်ခဲ့ပါသည်။(ဇယား-၉ )

## (ဈ) (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၅၈) သန်းရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(ဇယား-၁၀)

ဇယား (၁၀) - ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား
၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၃ (၁.၄.၂၀၂၂ မှ ၁.၇.၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂ ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇၄ | ၈၉၆.၉၉၈ | ၈၁၄.၆၃၅ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂၃ | ၈၃၃.၃၉၁ | ၁၈၅၈.၇၇၅ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၄၈ | ၈၈၂.၈၈ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၁၆ | ၇၇၃.၇၆၄ |
| | စုစုပေါင်း | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၀၅၈ | ၇၉၅၅.၂၅၈ | ၄၃၃၀.၀၅၄ |

## (ည) ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဇူလိုင်လ(၁) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၂) မှ (၁-၇-၂၀၂၂)ထိ သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၄၃၃၀.၀၅၄) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၈၁၄.၆၃၅) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁၈၅၈.၇၇၅) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၈၈၂.၈၈) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၇၇၃.၇၆၄) သန်းပါဝင်ခဲ့ပါသည်။ (ဇယား-၁၀)


## ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၁၁၂၃၀၅)၊ တန်ဖိုးဒေါ်လာ (၁၉၅.၈၉) သန်း၊ **ဓာတ်မြေသြဇာ**တန်ချိန် (၂၃၄၀၄၁)၊ တန်ဖိုး ဒေါ်လာ (၁၃၂.၇၃၄) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၉၂၅၀)၊ တန်ဖိုး (၈.၅၅၄)သန်းနှင့် **ဂျုံမှုန့်** တန်ချိန် (၂၅၀၀)၊ တန်ဖိုး (၁.၂၁၅) သန်း ပါရှိခဲ့ပါသည်။ (စာရင်းဇယား -၁၁၊ ပုံ-၁၁၊ ၁၂ )


ဇယား (၁၁) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ဇူလိုင် ၇ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၁၃၅၄၅၀၄.၃၄** | **၂၀၆၅၈၇၈.၇၀၉** | **-၇၁၁၃၇၄.၃၆၉** | **-၃၄%** |
| ၁ | ဒီဇယ် | US$ | ၅၄၉.၁၅ | ၃၀၇.၉၆၇ | ၂၄၁.၁၇၈ | ၇၈% |
| | | တန် | ၄၇၆၉၃၉ | ၅၆၅၇၇၃ | -၈၈၈၃၄. | -၁၆% |
| ၂ | ဓါတ်ဆီ | US$ | ၄၆၀.၈၃ | ၂၉၈.၂၅ | ၁၆၂.၅၈ | ၅၅% |
| | | တန် | ၃၅၆၅၀၈ | ၄၇၃၀၇၇ | -၁၁၆၅၆၉. | -၂၅% |
| ၃ | စားအုန်းဆီ | US$ | ၁၉၅.၈၉၁ | ၂၄၂.၄၉၃ | -၄၆.၆၀၂ | -၁၉% |
| | | တန် | ၁၁၂၃၀၅ | ၂၁၆၃၅၂ | -၁၀၄၀၄၇. | -၄၈% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၅၈.၂၃၅ | ၁၃၄.၄၈၆ | -၇၆.၂၅၁ | -၅၇% |
| | | စီး | ၁၁၂၈ | ၆၆၉၅ | -၅၅၆၇. | -၈၃% |
| | လူစီးယာဉ် | US$ | ၃.၄၅၆ | ၅၂.၄၆၂ | -၄၉.၀၀၆ | -၉၃% |
| | | စီး | ၁၁၁ | ၃၅၃၂ | -၃၄၂၁. | -၉၇% |
| | ဘတ်စ် | US$ | ၁.၆၀၇ | ၁.၀၅၁ | ၀.၅၅၆ | ၅၃% |
| | | စီး | ၉၉ | ၆၉ | ၃၀. | ၄၃% |
| | ထရပ် | US$ | ၄.၂၅၂ | ၁၆.၄၀၆ | -၁၂.၁၅၄ | -၇၄% |
| | | စီး | ၃၇၆ | ၁၇၇၃ | -၁၃၉၇. | -၇၉% |
| | ယန္တယား | US$ | ၃၃.၄၁၄ | ၄၈.၄၁၈ | -၁၅.၀၀၄ | -၃၁% |
| | | စီး | ၅၄၂ | ၁၃၂၁ | -၇၇၉. | -၅၉% |
| | ယာဉ်အပိုပစ္စည်း | US$ | ၁၅.၅၀၆ | ၁၆.၁၄၉ | -၀.၆၄၃ | -၄% |
| ၅ | ဘိလပ်မြေ | US$ | ၁၁.၅၈၄ | ၂၈.၉၈၁ | -၁၇.၃၉၇ | -၆၀% |
| | | တန် | ၁၃၇၄၂၅ | ၃၇၇၄၃၀ | -၂၄၀၀၀၅. | -၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၁၃၂.၇၃၄ | ၇၇.၃၅၆ | ၅၅.၃၇၈ | ၇၂% |
| | | တန် | ၂၃၄၀၄၁ | ၃၀၁၆၁၂ | -၆၇၅၇၁. | -၂၂% |
| ၇ | ဂျုံစေ့ | US$ | ၈.၅၅၄ | ၃၂.၂၂၅ | -၂၃.၆၇၁ | -၇၃% |
| | | တန် | ၁၉၂၅၀ | ၁၀၈၁၂၇ | -၈၈၈၇၇. | -၈၂% |
| ၈ | ဂျုံမှုန့် | US$ | ၁.၂၁၅ | ၀.၃၉၈ | ၀.၈၁၇ | ၂၀၅% |
| | | တန် | ၂၅၀၀ | ၁၀၂၀ | ၁၄၈၀. | ၁၄၅% |
| ၉ | နို့ဆီ | US$ | ၆.၅၈ | ၄.၉၃ | ၁.၆၅ | ၃၃% |
| | | တန် | ၄၈၃၀ | ၄၁၁၁ | ၇၁၉. | ၁၇% |
| ၁၀ | နို့စိမ်း | US$ | ၈.၅၁၈ | ၁၀.၃၃၃ | -၁.၈၁၅ | -၁၈% |
| | | တန် | ၆၀၀၀ | ၇၈၆၁ | -၁၈၆၁. | -၂၄% |
| ၁၁ | နို့မှုန့် | US$ | ၆.၀၅၄ | ၆.၂၉ | -၀.၂၃၆ | -၄% |
| | | တန် | ၂၁၃၉ | ၂၆၇၇ | -၅၃၈. | -၂၀% |




ပုံ(၁၁)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း)




ပုံ(၁၂)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်)

အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၄၈၃၀)၊ တန်ဖိုးဒေါ်လာ (၆.၅၈) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၆၀၀၀)၊ တန်ဖိုးဒေါ်လာ (၈.၅၂) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၂၁၃၉)၊ တန်ဖိုးဒေါ်လာ (၆.၀၅) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၁)

## (ဋ) သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်မှ ဇူလိုင်လ (၁)ရက်ထိ ဒေါ်လာ (၄၃၃၀.၀၅၄)သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၃၅၈၀.၂၀၈)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၇၄၉.၈၄၆) (၂၁%) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၂)

ဇယား (၁၂) - ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၁-၇-၂၂)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၁-၇-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁၅၁.၀၃၈ | ၆၆၃.၅၉၇ | ၈၁၄.၆၃၅ | ၃၁၀.၄၈၁ | ၇၉၉.၂၆၄ | ၁၁၀၉.၇၄၅ | -၁၅၉.၄၄၃ | -၁၃၅.၆၆၇ | -၂၉၅.၁၁ | -၂၇% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၄၀.၀၂၁ | ၁၈၁၈.၇၅၄ | ၁၈၅၈.၇၇၅ | ၁၀.၆၇၇ | ၁၂၇၇.၃၀၅ | ၁၂၈၇.၉၈၂ | ၂၉.၃၄၄ | ၅၄၁.၄၄၉ | ၅၇၀.၇၉၃ | ၄၄% |
| ၃ | လူသုံးကုန်ပစ္စည်း | ၇၇.၃၉၉ | ၈၀၅.၄၈၁ | ၈၈၂.၈၈ | ၆.၃၇၇ | ၈၃၄.၄၄၉ | ၈၄၀.၈၂၆ | ၇၁.၀၂၂ | -၂၈.၉၆၈ | ၄၂.၀၅၄ | ၅% |
| ၄ | CMP | | ၇၇၃.၇၆၄ | ၇၇၃.၇၆၄ | | ၃၄၁.၆၅၅ | ၃၄၁.၆၅၅ | ၀. | ၄၃၂.၁၀၉ | ၄၃၂.၁၀၉ | ၁၂၆% |
| | စုစုပေါင်း | ၂၆၈.၄၅၈ | ၄၀၆၁.၅၉၆ | ၄၃၃၀.၀၅၄ | ၃၂၇.၅၃၅ | ၃၂၅၂.၆၇၃ | ၃၅၈၀.၂၀၈ | -၅၉.၀၇၇ | ၈၀၈.၉၂၃ | ၇၄၉.၈၄၆ | ၂၁% |

ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁၈၅၈.၇၇၅)သန်း ဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၈၈၂.၈၈)သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူ

ကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၁၂၈၇.၉၈၂) အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁၁၀၉.၇၄၅)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၃)

လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၀၄၀၄၇)နှင့် တန်ဖိုး အားဖြင့် ဒေါ်လာ (၄၆.၆၀၂)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၈၈၈၇၇)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၃.၆၇၁)သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရသည်။ အခြားကုန်စည်များ ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၁၄၈၀)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၀.၈၁၇) သန်း တိုးမြှင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၆၇၅၇၁) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၅.၃၇၈)သန်း တိုးမြင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၁၊ ပုံ-၁၁၊ ၁၂)

## (၄) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလမှ စက်တင်ဘာထိ) တို့၏ သွင်းကုန်တင်သွင်းမှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်း ဒေါ်လာ (၇၉၅၅.၂၅၈) သန်းတင်သွင်းခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၉၈၆၇.၇၈)သန်း တင်သွင်းခဲ့သဖြင့် ၂၀၂၁-၂၂ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ဒေါ်လာ (၁၉၁၂.၅၂၂) သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ (ဇယား-၁၃)

၂၀၂၁-၂၂ Mini Budget တွင် သွင်းကုန်များမှ လယ်ယာကဏ္ဍ သွင်းကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ** တန်ချိန်(၃၀၂၃၆၂)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၂၀.၇၇၈)သန်း၊ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၄၀၃၁၇) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂၁.၇၂၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၈၁၈၄၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၆၈.၇၀၆)သန်း၊ **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂၉၉၀)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၃၈၅) သန်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၅)

ဇယား (၁၃) - ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇၄ | ၈၉၆.၉၉၈ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂၃ | ၈၃၃.၃၉၁ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၄၈ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၁၆ |
| | **စုစုပေါင်း** | **၉၀၆၈.၉၁** | **၁၃၇၅၉.၅၁** | **၁၆၆၃၃.၁၅** | **၁၆၅၇၇.၉** | **၁၇၂၁၁.၀၆** | **၁၈၆၉၄.၉** | **၉၈၆၇.၇၈** | **၁၈၀၈၆.၆** | **၁၉၀၅၀.၉** | **၁၄၆၈၆.၀၅၈** | **၇၉၅၅.၂၅၈** |


## (၃) ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ)သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်တင်သွင်းမှုကို **၂၀၂၁-၂၂** နှင့် **၂၀၂၀-၂၁ ကာလတူ** (အောက်တိုဘာလ မှ မတ်လ) နှိုင်းယှဉ်ပါက စုစုပေါင်း သွင်းကုန်တင်သွင်းမှုမှာ ၂၀၂၁-၂၂ တွင် အမေရိကန် ဒေါ်လာ (၇,၉၅၅.၂၅၈) သန်း တင်သွင်းခဲ့ပြီး၊ ၂၀၂၀-၂၁ တွင် (၇,၇၉၀.၅) သန်း တင်သွင်းခဲ့သဖြင့် ယခုနှစ် တွင် (၁၆၄.၇၀၈)သန်း ပိုမိုတင်သွင်း ခဲ့သည်ကိုတွေ့ရသည်။ ၂၀၂၁-၂၂ တွင် ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁,၂၈၈.၁၄၅) သန်း လျော့နည်းတင်သွင်းခဲ့ပြီး ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုး (၉၉၈.၂၃၁) သန်း၊ လူသုံးကုန်ပစ္စည်း (၁၂၅.၅၂၅) သန်းနှင့် CMP (၃၂၉.၀၉၇) သန်း ပိုမို တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။(ဇယား-၁၄၊ ပုံ-၁၃)

ဇယား (၁၄) - ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လထိ)
သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနား ချက် |
| (က) | ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇၄ | ၁,၄၉၂.၁၆၉ | ၂,၇၈၀.၃၁ | -၁,၂၈၈.၁၅ |
| ( ခ ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂၃ | ၃,၅၇၃.၀၆၃ | ၂,၅၇၄.၈၃ | ၉၉၈.၂၃၁ |
| ( ဂ ) | လူသုံးကုန်ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁,၇၄၅.၆၇၄ | ၁,၆၂၀.၁၅ | ၁၂၅.၅၂၅ |
| (ဃ) | CMP | - | - | - | - | - | - | ၁,၁၄၄.၃၅၂ | ၈၁၅.၂၅၅ | ၃၂၉.၀၉၇ |
| စုစုပေါင်း | | ၁၇,၂၁၁.၀၆ | ၁၈,၆၉၄.၉ | ၉,၈၆၇.၇၈ | ၁၈,၀၈၆.၆ | ၁၉,၀၅၀.၉ | ၁၄,၆၈၆.၀၅၈ | ၇,၉၅၅.၂၅၈ | ၇,၇၉၀.၅၅ | ၁၆၄.၇၀၈ |




ပုံ(၁၃)။ သွင်းကုန်တင်သွင်းမှု ကာလတူ နှိုင်းယှဉ်ပြဂရပ်

## ဇယား (၁၅) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ယခုနှစ် (၂၀၂၁-၂၀၂၂) (အောက် မှ မတ်လ ထိ ) | ယခင်နှစ် (၂၀၂၀-၂၀၂၁) (အောက် မှ မတ်လ ထိ ) | ခြားနားချက် | |
|---|---|---|---|---|---|---|
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၂၄၁၁.၅၂၉** | **၁၈၇၉.၆၁၇** | **၅၃၁.၉၁၂** | **၂၈%** |
| ၁ | ဒီဇယ် | US$ | ၁၁၉၅.၁၂၈ | ၆၄၆.၂၀၈ | ၅၄၈.၉၂ | ၈၅% |
| | | တန် | ၁၅၈၅၆၇၅ | ၁၆၂၅၅၇၄ | -၃၉၈၉၉. | -၂% |
| ၂ | ဓါတ်ဆီ | US$ | ၈၁၅.၄၀၄ | ၄၄၁.၆၆ | ၃၇၃.၇၄၄ | ၈၅% |
| | | တန် | ၉၈၁၈၈၁ | ၉၃၃၇၅၃ | ၄၈၁၂၈. | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၂၀.၇၇၈ | ၃၆၈.၅၉၆ | ၅၂.၁၈၂ | ၁၄% |
| | | တန် | ၃၀၂၃၆၂ | ၄၁၃၂၈၄ | -၁၁၀၉၂၂ | -၂၇% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၁၇၈.၇၃၇** | **၄၅၁.၀၅** | -၂၇၂.၃၁၃ | -၆၀% |
| | | **စီး** | **၄၇၀၅** | **၁၈၀၀၁** | -၁၃၂၉၆. | -၇၄% |
| | လူစီးယာဉ် | US$ | ၄၉.၅၀၁ | ၁၃၇.၉၅ | -၈၈.၄၄၉ | -၆၄% |
| | | စီး | ၂၃၄၈ | ၈၉၂၀ | -၆၅၇၂. | -၇၄% |
| | ဘတ်စ် | US$ | ၂.၀၄၃ | ၇.၉၉၇ | -၅.၉၅၄ | -၇၄% |
| | | စီး | ၁၃၂ | ၄၁၄ | -၂၈၂. | -၆၈% |
| | ထရပ် | US$ | ၉.၃၄၉ | ၄၈.၅၆၁ | -၃၉.၂၁၂ | -၈၁% |
| | | စီး | ၈၄၆ | ၃၉၃၁ | -၃၀၈၅. | -၇၈% |
| | ယန္တယား | US$ | ၉၃.၇၄၇ | ၁၉၉.၀၉၉ | -၁၀၅.၃၅၂ | -၅၃% |
| | | စီး | ၁၃၇၉ | ၄၇၃၆ | -၃၃၅၇. | -၇၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၄.၀၉၆ | ၅၇.၄၄၂ | -၃၃.၃၄၆ | -၅၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၇.၈၂၅ | ၄၂.၈၃၂ | -၂၅.၀၀၇ | -၅၈% |
| | | တန် | ၂၀၇၄၈၃ | ၅၆၈၈၆၃ | -၃၆၁၃၈၀. | -၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၂၁.၇၂၅ | ၁၅၉.၈၆၃ | ၆၁.၈၆၂ | ၃၉% |
| | | တန် | ၄၄၀၃၁၇ | ၆၆၇၃၉၇ | -၂၂၇၀၈၀. | -၃၄% |
| ၇ | ဂျုံစေ့ | US$ | ၆၈.၇၀၆ | ၅၆.၂၁၉ | ၁၂.၄၈၇ | ၂၂% |
| | | တန် | ၁၈၁၈၄၀ | ၂၀၅၁၃၄ | -၂၃၂၉၅ | -၁၁% |
| ၈ | ဂျုံမှုန့် | US$ | ၁.၃၈၅ | ၂.၂၂၉ | -၀.၈၄၄ | -၃၈% |
| | | တန် | ၂၉၉၀ | ၆၈၂၂ | -၃၈၃၂ | -၅၆% |
| ၉ | နို့ဆီ | US$ | ၁၀.၄၀၆ | ၁၁.၇၁၃ | -၁.၃၀၇ | -၁၁% |
| | | တန် | ၈၀၀၅ | ၁၀၂၆၀ | -၂၂၅၅ | -၂၂% |
| ၁၀ | နို့စိမ်း | US$ | ၁၃.၁၇၅ | ၁၇.၄၂၃ | -၄.၂၄၈ | -၂၄% |
| | | တန် | ၉၇၆၃ | ၁၄၂၄၅ | -၄၄၈၂ | -၃၁% |
| ၁၁ | နို့မှုန့် | US$ | ၁၉.၉၅၀ | ၁၈.၅၁၁ | ၁.၄၃၉ | ၈% |
| | | တန် | ၅၄၉၆ | ၇၇၃၁ | -၂၂၃၅ | -၂၉% |

မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၁၀၉၂၁) လျော့နည်း တင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂.၁၈၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်** မှာ တန်ချိန် (၃၈၃၂)၊ တန်ဖိုး ဒေါ်လာ (၀.၈၄၄) သန်း လျော့နည်းခဲ့သည်။ **ဂျုံစေ့**မှာ တန်ချိန် (၂၃၂၉၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုး အားဖြင့် ဒေါ်လာ (၁၂.၄၈၇) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာတန်ချိန် (၂၂၇၀၈၀) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၁.၈၆၂) သန်း တိုးမြင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၅)

## (ဃ) သုံးသပ်ချက်

**၂၀၂၁-၂၂ Mini Budget** (အောက်တိုဘာလမှ မတ်လထိ) နှင့် **၂၀၁၈ Mini Budget** (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ရာတွင် ၂၀၂၁-၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ထိုလျော့နည်းတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ သစ်တော ထွက်ပစ္စည်းအနည်းငယ်နှင့် တိရိစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ အခြားပစ္စည်း တို့ ဖြစ်ကြောင်းသုံးသပ်တွေ့ရှိရပါသည်။ ၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှု စုစုပေါင်းတွင် **လယ်ယာထွက်ကုန်ပစ္စည်း** တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂၄၀၇.၈၆)သန်းပါဝင်ခဲ့ရာ အဆိုပါ တင်ပို့မှု တွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇)သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃)သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃)သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၈၉)သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် အခြားလယ်ယာထွက်ကုန်ပစ္စည်းတန်ဖိုး (၂၈၃.၀၅)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ပို့ကုန်တင်ပို့မှု၏ **(၂၀၂၁-၂၀၂၂)** နှင့် **(၂၀၂၀-၂၀၂၁) ကာလတူ** အောက်တိုဘာ လ မှ မတ်လထိ နှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) တွင် **လယ်ယာထွက်ကုန်** စုစုပေါင်း တင်ပို့မှုမှာ ဒေါ်လာ (၂၄၀၇.၈၆) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) ကာလတူတွင် ဒေါ်လာ (၂၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် တင်ပို့မှုစုစုပေါင်း ဒေါ်လာ (၅၂၀.၂၈) သန်း လျော့နည်းတင်ပို့ ခဲ့သည်ကို တွေ့ရသည်။ လယ်ယာထွက်ကုန်များ၏ ပို့ကုန်အမယ်အလိုက် တင်ပို့မှုမှာ ယခုနှစ်တွင် **ဆန်နှင့်ဆန်ကွဲ** ဒေါ်လာ(၄၄၄.၂၇) သန်း၊ **ပဲအမျိုးမျိုး**တွင် ဒေါ်လာ (၈၃၀.၆၃) သန်း၊ **ပြောင်း**မှာ ဒေါ်လာ (၃၆၈.၂၃) သန်း၊ **နှမ်း** မှာ ဒေါ်လာ (၁၉၄.၁၉) သန်း၊ **ရော်ဘာ**မှာ ဒေါ်လာ (၂၈၇.၅) သန်းနှင့် **အခြားသီးနှံ**များမှာ ဒေါ်လာ (၂၈၃.၀၅) သန်း အသီးသီးတင်ပို့ခဲ့ပြီး၊ ယခင်နှစ် အလားတူ ကာလတွင် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ (၄၂၈.၄၄) သန်း၊ ပဲအမျိုးမျိုးတွင် ဒေါ်လာ (၈၀၆.၀၃) သန်း၊

ပြောင်းမှာ ဒေါ်လာ (၃၃၁.၄၉) သန်း၊ နှမ်းမှာ ဒေါ်လာ (၂၈၄.၄၇) သန်း၊ ရာဘာမှာ ဒေါ်လာ (၂၇၈.၀၂) သန်းနှင့် အခြားသီးနှံများမှာ ဒေါ်လာ (၇၉၉.၇) သန်း အသီးသီးတင်ပို့ခဲ့သဖြင့် ယခင်နှစ်အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၁၅.၈၃) သန်း၊ ပဲအမျိုးမျိုး ဒေါ်လာ (၂၄.၆) သန်း၊ ပြောင်း ဒေါ်လာ (၃၆.၇၄) သန်း၊ ရာဘာ ဒေါ်လာ (၉.၄၈) သန်း စီ တိုးမြင့်တင်ပို့ခဲ့ပြီး နှမ်းမှာ ဒေါ်လာ (၉၀.၂၈) သန်း နှင့် အခြား သီးနှံများမှာ ဒေါ်လာ (၅၁၆.၆၅) သန်း လျော့နည်းခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

အစီရင်ခံကာလအတွင်း **၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂** ထိ စုစုပေါင်းပို့ကုန်တင်ပို့မှု အနေဖြင့် ဒေါ်လာ (၄၁၈၉.၀၅၈) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ကုန်တင်ပို့မှုမှာ ဒေါ်လာ (၁၀၉၇.၈၀၉) သန်းရှိခဲ့ပါသည်။ လယ်ယာထွက်ကုန်များမှ **ဆန်**တင်ပို့မှုတွင် ပင်လယ်ရေကြောင်း မှ အီတလီ၊ ဖိလစ်ပိုင်၊ တရုတ်နိုင်ငံများသို့ တင်ပို့မှုရှိပြီး နယ်စပ်စခန်းများမှလည်း တင်ပို့မှုရှိကာ ယခင်နှစ်ကာလတူထက် တန်ချိန် (၈၄၇၇၀.၀၉)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၄.၀၇၂)သန်း နှင့် **ဆန်ကွဲ**တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တရုတ်၊ နယ်သာလန်၊ ဘယ်လဂျီယံ၊ CZECH REPUBLIC သို့တင်ပို့မှုရှိပြီး နယ်စပ်စခန်းများမှလည်း တင်ပို့မှုရှိကာ ယခင်နှစ်ကာလတူထက် တန်ချိန် (၇၅၈၉.၈၇)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၄၆)သန်းစီ ပိုမိုတင်ပို့ခဲ့ပါသည်။ **ပဲမျိုးစုံ**တင်ပို့မှုတွင် ဇွန်လအတွင်း **မတ်ပဲ**မှာ ပြည်တွင်းလက်ကျန် လျော့နည်းလျက်ရှိခြင်း၊ အထွက်နှုန်းကျဆင်းခြင်းနှင့် အိန္ဒိယမှဝယ်လိုအားများခြင်းတို့ကြောင့် မတ်ပဲဈေးများ မြင့်တက်နေသည်ကိုတွေ့ရပြီး မတ်ပဲတစ်တန်၏ FOB ပြည်တွင်းဈေးနှုန်းမှာ မေလတွင် (၈၇၅) ဒေါ်လာမှ ဇွန်လတွင် (၉၀၅) ဒေါ်လာ ဖြစ်ခဲ့သည်။ **ပြောင်း**တင်ပို့မှုတွင် ဖိလစ်ပိုင်၊ ထိုင်းသို့လည်းကောင်း၊ နှမ်းနက်တင်ပို့မှုတွင် တရုတ်၊ စင်္ကာပူသို့လည်းကောင်း၊ **ရာဘာစိမ်း**တင်ပို့မှုတွင် အိန္ဒိယ၊ မလေးရှား၊ ဂျပန်၊ ကိုရီးယားစသည့်နိုင်ငံများသို့လည်းကောင်း ပင်လယ်ရေကြောင်းမှ တစ်ဆင့် အသီးသီး တင်ပို့မှုရှိပြီး နယ်စပ်များမှလည်း တင်ပို့မှုများလည်းရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ **သွင်းကုန်တင်သွင်းမှု** အနေဖြင့် **၁-၄-၂၀၂၂ မှ ၁-၇-၂၀၂၂ ထိ** စုစုပေါင်း ဒေါ်လာ(၄၃၃၀.၀၅၄) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂၃၅၈၀.၂၀၈) သန်း တင်သွင်းခဲ့သဖြင့် ဒေါ်လာ (၇၄၉.၈၄၆) သန်း တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ သွင်းကုန်တင်သွင်းမှုကုန်စည်များတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ယခင်နှစ်ထက် ဒေါ်လာ (၂၉၅.၁၁) သန်း လျော့ နည်းတင်သွင်းခဲ့ကြောင်း တွေ့ရပြီး အဓိကသွင်းကုန်များ၏ ကာလတူတင်သွင်းမှုတွင် **စားအုန်းဆီ** မှာ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ပြည်တွင်းဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်းနှင့် ပြည်ပ သို့ ဆီထွက်သီးနှံတင်ပို့မှု လျှော့ချခဲ့ခြင်းတို့ကြောင့် ယခင်နှစ်အလားတူကာလထက် တန်ချိန် (၁၀၄၀၄၆) လျော့နည်း တင်သွင်းခဲ့ပြီး ၊ **ဓာတ်မြေဩဇာ** တင်သွင်းမှုတွင်လည်း တန်ချိန်

(၆၇၅၇၀) နှင့် **ဂျုံစေ့**မှာ တန်ချိန်(၈၈၈၇၇) လျော့ကျခဲ့ကြောင်းနှင့် ဂျုံမှုန့်မှာ တန်ချိန် (၁၄၈၀) ပို၍တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇွန်လ အတွင်း **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ငါး၊ ပုဇွန်နှင့် အခြား ရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၂၈၃၉၂.၈၄၆)၊ တန်ဖိုး ဒေါ်လာ (၅၁.၅၇) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၂၄၀၀၄.၇၀၃) တန်ဖိုး ဒေါ်လာ (၅၀.၈၃) သန်းတင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၄၃၈၈.၁၄) နှင့် တန်ဖိုး(.၇၄) သန်းလျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရသည်။

**(ဏ) နိဂုံး**

မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

J9